ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အမျိုးသားလွှတ်တော်

## အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ တန်ခူးလဆန်း ၉ ရက်

(၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်)

## ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄(က)၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄(က)နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဥပဒေကြမ်းကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၅)ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါ်နွယ်နွယ်ဦး | ဧရာဝတီတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | **ဥက္ကဋ္ဌ** |
| (ခ) | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| (ဂ) | ဦးရှားရယ် | ကယားပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဃ) | ဦးသန်းထွန်း | ရခိုင်ပြည်နယ်<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (င) | ဒေါ်ဇင်ပပဦး | ဧရာဝတီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးခိုင်ဝင်းအောင် | ဧရာဝတီတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဆ) | ဦးဟိန်းမင်းဦး | မန္တလေးတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဇ) | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| (ဈ) | ဦးအေးပိုင် | ရန်ကုန်တိုင်းဒေသကြီး<br>(မဲအများဆုံးရသူအနိုင်ယူစနစ်)<br>မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| (ည) | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ်<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဋ) | ဦးစိုးကြည် | တနင်္သာရီတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| (ဌ) | ဗိုလ်မှူးချုပ်မြင့်သောင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးကြီးလှိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး<br>(အချိုးကျကိုယ်စားပြုစနစ်)<br>မဲဆန္ဒနယ်အမှတ် (၁) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ ကော်မတီ၏သက်တမ်းသည် အမျိုးသားလွှတ်တော်၏ သက်တမ်းနှင့်အညီဖြစ်သည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို အခြေခံ၍ စိစစ်ရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊

(ခ) နိုင်ငံတော်ကချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့်ညီညွတ်မှု ရှိ မရှိ၊

(ဂ) နိုင်ငံတော်နှင့်အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များ ပါဝင်ခြင်း ရှိ မရှိ၊

(င) နိုင်ငံတော်၏ ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ မရှိ၊

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ မရှိ၊

(ဆ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၏ လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ မရှိ နှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ မရှိ၊

(ည) သက်ဆိုင်ရာဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိ၊

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ မရှိ၊

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ မရှိ၊

(ဍ) မြန်မာစာသဒ္ဒါရေးထုံးနှင့်သော်လည်းကောင်း၊ ဥပဒေရေးထုံးနှင့်သော်လည်းကောင်း ညီညွတ်မှု ရှိ မရှိ။

၆။ ကော်မတီဝင်များသည် -

(က) လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ဖြင့် နာယက က ဖွဲ့စည်းသော ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ကော်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ရမည်။

(ခ) လွှတ်တော်ဥက္ကဋ္ဌကဖြစ်စေ၊ လွှတ်တော်ကဖြစ်စေ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ထမ်းဆောင်ရမည်။

**ကော်မတီ၏လုပ်ပိုင်ခွင့်များ**

၇။ ကော်မတီသည် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ -

(က) နိုင်ငံတော်နှင့်ပြည်သူတို့အား အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

( ခ ) ပြည်သူများနှင့် သက်ဆိုင်ရာကျွမ်းကျင်သူများ၏ ဥပဒေရေးရာ အကြံပြုချက်များ၊ ဝေဖန်သုံးသပ်ချက်များကို စိစစ်၍ လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

( ဂ ) ပြင်ဆင်ရန် အကြံပြုချက်များကို လွှတ်တော်သို့ တင်ပြနိုင်ခွင့်ရှိသည်။

(ဃ) ခေတ်နှင့်မလျော်ညီသော အရေးအသား၊ အသုံးအနှုန်းများကို ဥပဒေရှုထောင့်မှ ပြင်ဆင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။

( င ) အသေးစိတ်ဆွေးနွေးစဉ်းစားရာ၌ လွှတ်တော်တွင် ဆွေးနွေးစဉ်းစားသည့် နည်းလမ်းအတိုင်း ဆွေးနွေးစဉ်းစားရမည်။ သို့ရာတွင် -

(၁) ကော်မတီတွင် အဆိုတင်သွင်းခြင်း၊ အကြံပြုချက်တင်သွင်းခြင်းတို့နှင့် စပ်လျဉ်း၍ ထောက်ခံသူမလို။

(၂) ကော်မတီဝင်များသည် ကိစ္စတစ်ခုနှင့်စပ်လျဉ်း၍ တစ်ကြိမ်ထက်ပိုပြီး ဆွေးနွေးခွင့်ရှိသည်။

( စ ) ကော်မတီ၏တင်ပြချက်နှင့် အကြံပြုချက်များသည် ဥပဒေကြမ်းတွင် ပါရှိသည့် ကိစ္စနှင့်စပ်လျဉ်းသော တင်ပြချက်၊ အကြံပြုချက်များဖြစ်ရမည့်အပြင် ထိုဥပဒေကြမ်း၏ သဘောတွင် အကျုံးဝင်သောတင်ပြချက်၊ အကြံပြုချက်များလည်း ဖြစ်ရမည်။

(ဆ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။

၈။ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား လွှတ်တော်ကော်မတီ နှစ်ခုထက်ပို၍ ပါဝင်ဆောင်ရွက်စေခြင်းမရှိစေရ။

၉။ ကော်မတီဝင်အဖြစ်မှ နုတ်ထွက်လိုပါက ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏အစီရင်ခံစာတင်ပြခြင်း**

၁၀။ ဥပဒေကြမ်းကို ကော်မတီတွင် ဆွေးနွေးစဉ်းစားပြီးပါက -

(က) ကော်မတီဥက္ကဋ္ဌသည် အစီရင်ခံစာမူကြမ်းကိုပြုစု၍ ကော်မတီအစည်းအဝေးတွင် တင်ပြရမည်။

(ခ) အစီရင်ခံစာမူကြမ်းကို ကော်မတီက သဘောတူလျှင် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် အစီရင်ခံစာကို လက်မှတ်ရေးထိုး၍ ဥက္ကဋ္ဌထံတင်ပြရမည်။

(ဂ) ဥက္ကဋ္ဌ၏သီးခြားညွှန်ကြားချက်မရှိလျှင် ဥပဒေကြမ်းကို ကော်မတီသို့ လွှဲအပ်သည့်နေ့ရက်မှစ၍ ရုံးပိတ်ရက်များမပါ ၂၁ ရက်အတွင်း ကော်မတီ၏အစီရင်ခံစာကို ဥက္ကဋ္ဌထံတင်ပြရမည်။

(ဃ) ကော်မတီဝင်များသည် အစီရင်ခံစာကို သဘောတူကြောင်း လက်မှတ်ရေးထိုးရမည်။ သို့ရာတွင် သဘောကွဲလွဲချက်များရှိပါက ထိုသဘောကွဲလွဲချက်များကို ရေးသားဖော်ပြ၍ လက်မှတ်ရေးထိုးပြီး အစီရင်ခံစာတွင် ပူးတွဲဖော်ပြနိုင်သည်။

(င) ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီကတာဝန်ပေးအပ်သော ကော်မတီဝင်တစ်ဦးသည် ကော်မတီ၏အစီရင်ခံစာကို လွှတ်တော်တွင် ဖတ်ကြားရှင်းလင်းရမည်။

၁၁။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သော ကိစ္စကိုသော်လည်းကောင်း၊ ကော်မတီတွင်ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း ပြင်ပသို့ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းများကို ဖြန့်ဝေခြင်းမပြုရ။ လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်းထိန်းသိမ်းထားနိုင်ရန် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ရမည်။

**ကော်မတီဝင်၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများ**

၁၂။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၁၃။ ကော်မတီဝင်များသည် -

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ